ဆိမ့်တဲ့အရသာ တွေ့တာ။ ဆိမ့်တဲ့ရသာ တွေ့တယ်နော်။ အဲ ဆိမ့်တဲ့ရသာ ရူပက္ခန္ဓာတရား အပေါ်မှာ ကြက်သား ဝက်သားအနေနဲ့ စားချင်မှု နှစ်သက်မှု စွဲလမ်းမှုက လောဘတဏှာ သမုဒယ သစ္စာ မဟောဘူးလား။ စဉ်းစားနော်။ ကဲ ဘယ်ပေါ်မှာလဲလို့ စိစစ်ဖို့မကောင်းလား။ ဆိမ့်ရသာ ပေါ်မှာ ကြက်သား ဝက်သား အနေနဲ့ နှလုံးသွင်း မမှားလား။ တကယ် လေ့လာကြည့်တော့ ကြက်သား ဝက်သားလား ဆိမ့်တဲ့ရသာ။ ဆိမ့်တဲ့ရသာကို မျက်စိနဲ့ကြည့် မြင်ရပါ့မလား။ လက်နဲ့ ကိုင်စမ်းကြည့်ကား တွေ့ပါမလား။ လျှာနဲ့မှ သိနိုင်တာ နော်။ အဲလို စိစစ်ဖို့ မကောင်းလား။ ဆိမ့်ရသာ ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက --ဒုက္ခသစ္စာ။ ဒုက္ခသစ္စာ ပိုင်းခြားသိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။ သမုဒယ သစ္စာသေတော့ နောက်ခန္ဓာမလာတာ။ ကဲ ဒီလိုဆို နှစ်က သုံးကို ကူးသေးရဲ့လား ။ ကဲ လျှာနဲ့ ပတ်သက်လို့ သစ္စာလေးပါး တစ်စုံ မရဘူးလား။ မျက်စိပေါက်ကလည်း တစ်စုံ မရဘူးလား။ သမုဒယ၊ဒုက္ခ မဂ္ဂ၊နိရောဓ လို့ မဟောဘူးလား။ ပယ်ရမှာက သမုဒယ၊ ဒုက္ခ နော်။ လက်ခံသိမ်းပိုက်ရမှာ မဂ္ဂ၊နိရောဓပေါ့။ ပယ်သစ္စာက နှစ်ပါး ပိုင်သစ္စာက နှစ်ပါး။ အဲလို စိစစ်ဖို့ မကောင်းလား။ သိမှ ပယ်နိုင်တာ။ မသိ ပယ်နိုင်ပါ့မလား။ သိအောင် ကြိုးစားကွဲ့ ကြားရဲ့လား။ ထိထိမိမိ သဘောပေါက်ဖို့ လိုတယ်။

<u>သန္တတိအမတ်ကြီး</u>

မကြားစဖူးတဲ့ ကြားဖူးထပ်မံ။ ရှေးထက်ကျော်ကာရီက သန္တတိအမတ်ကြီး(ဓမ္မပဒ-၄-၂-၂၄) ခုနှစ်ရက် ရှင်ဘုရင် လုပ်ရတာနော်။ သူ့အလှည့် ရှင်ဘုရင်ဖြစ်နေတာကိုး။ တိုင်းခန်း လှည့်လည်တဲ့ အခါ ဆင်တပ်တွေ မြင်းတပ်တွေ စစ်သည် ဗိုလ်ပါတွေနဲ့ တိုင်းခန်း လှည့်တာ ပေါ့။ မြတ်စွာဘုရားက လည်း ကြွလာခဲ့တော့တာ။ မြို့သူမြို့သားတွေက အားလုံး ဘုရားဖူး လာရောက်ကြတာပေါ့၊ လမ်းဆုံ လမ်းမ လမ်းလေးခွမှာ သန္တတိအမတ်ကြီးနဲ့ မြတ်စွာဘုရားနဲ့ သွားတွေ့ဆုံတယ် ကြားရဲ့ လား။ သန္တတိ အမတ်ကြီးက ဆင်ပေါ်ကနော်။ လက်အုပ်ချီ ပြီးတော့ ရှိခိုးမယ်ဆိုတော့ကာ (မူးလို့) သောက်လို့ မူးနေတော့တာ။ လက်အုပ် မချီနိုင်ဘူး ကြားလား။ ဆင်ပုခက်ကို ကိုင်ထားရတယ်။ အဲဒီအခါ ပုတ်သင်ကဲ့သို့ ခေါင်းသုံးခါ မညိမ့်လား ဟဲ့။ ခေါင်း သုံးခါ ညိမ့်တယ်နော်။ မြတ်စွာဘုရား ပြုံးတယ်ကြားလား။ ညီတော်အာနန္ဒာက အမြဲတမ်း အကဲခတ်တယ်။ ပြုံးတာ အတိတ်ဆောင် တော်မူပါဘုရား လို့မလျှောက်ဘူးလား။ နေမဝင်မီ သန္တတိ အမတ်ကြီး ရဟန်းကိစ္စပြီးမှာတဲ့။ ဗျာဒိတ်ပေးပြီ ဘုရားက ကြားလား။ နေ မဝင်မီ သန္တတိ အမတ်ကြီး ရဟန်းကိစ္စ ပြီးမယ်တဲ့ဗျား။ ဘုန်းကြီးတော့ မယုံဘူးဟေ့။ ဘယ်မူးနေတာကွဲ့။ ရှေ့ ခုနှစ်ရက်လောက်ဆိုတော့ ထားလိုက်တော့ ဟာ။ ကဲ အဲဒီ ဉာဏ်ဟာ ရဟန္တာတောင် မသိဘူးနော်။ သဗ္ဗညု ရွှေဉာဏ်တော် ဘုရားသာ သိတာဗျ။

စဉ်းစားဖို့ မကောင်းလား။ အဲတာ မြတ်စွာဘုရား ကြွသွားတော့ ဝါးနှစ်ပြန်လောက်ကျတော့ နန်းတော်က အမတ်ကြီး တစ်ယောက်က လာသံတော် ဦးတင်တယ်။ မိဖုရား ကံတော်ကုန်လို့ နတ်ရွာစံသွားပြီတဲ့ ကြားလား။ တပ်ခေါက်ပြီးတော့ ပြန်တော့တာနော်။ နန်းတော် ရောက်တော့ ငိုလား ရယ်လားပေ့ါ။ ငိုလား ရယ်လား ဆိုတော့ အမတ်တွေက သတိထားတော်မူပါ ဘုရာ့။ သတိထားတော်မူပါ ဘုရာ့။ သတိ မပေးရဘူးလား။ မင်းတို့ သတိပေး မနေနဲ့ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး တရားသဘင် ဆင်ယင်ကျင်းပတဲ့ နေရာကို ငါ့ကိုပို့ကြ။ တရားနာမယ်။ တွဲပြီးတော့ သူ့ဟာနဲ့သူ မသွားနိုင်ဘူး မူးနေတာ။ မသွားနိုင်ဘူး ။ မူးနေတာ နော်။ တွဲပို့ရတယ်။ တရားနာ ပရိသတ် လေးသောင်း ကျော်ရှိတယ်။ တရားနာ ပရိသတ်တွေက သန္တတိ အမတ်ကြီး ကိုဘဲ ကြည့်နေကြတော့တာ။ ဘုရား-တရား ဟောတဲ့ဆီမှာ မလှည့်ဘူး ကြားလား။ ခေါင်းက ကောင်းကောင်း မထောင်နိုင်ဘူး။ အဲဒါနဲ့ ခန္ဓာတို့ အာယတနတို့ ဓာတ်တို့ သစ္စာတို့ ပဋိစ္စသမုပ္ပါဒ် တရားတွေ မြတ်စွာဘုရား မဟောဘူးလား။ ဟောတယ်နော်၊

အဲတော့ သန္တတိအမတ်ကြီး ငါဘုရား ပေးတဲ့ ဝိဇ္ဇာဆိုတဲ့ မျက်မှန်နဲ့ တပ်ပြီးတော့ အကြည့် မခိုင်းရဘူးလား။ မိဖုရားလား အဆင်းဓာတ်လား။ ကဲ သန္တတိအမတ်ကြီးက ငိုပြီးတော့ ရူး နေတာ၊ ကိစ္စတွေဟာ မိဖုရားလို့မြင်တာပေ့ါ၊ မိဖုရားလို့မြင်တော့ လောဘတဏှာ သမုဒယ သစ္စာ မဖြစ်လား။ တကယ့်အမြင်ခံက မိဖုရားလား အဆင်းဓာတ်။ ကဲ ဘုရားပေးတဲ့ ဝိဇ္ဇာ မျက်မှန် တပ်ကြည့်တော့ အဆင်းဘဲ မြင်တယ်။ စဉ်းစားဖို့ မကောင်းလား။ ကဲ မိဖုရားလား အဆင်းဓာတ်။ အဆင်းလို့ မြင်သိတာ စက္ခုဝိညာဏ်က နာမ်တရား မရလား။ အဆင်းက ရုပ်တရား မရလား။ နာမ်ရုပ် နှစ်ပါး။ မိဖုရားလား နာမ်နှင့်ရုပ်။ ဖြန့်လိုက်တော့ ခန္ဓာငါးပါး ပေ့ါ။ ခန္ဓာငါးပါး မရဘူးလား။

အဆင်းလို့ မြင်သိတာ စက္ခုဝိညာဏ် မရဘူးလား။ တစ်ဝိညာဏ်တည်း မြင်သိလို့ ဖြစ်ကဲ့လား ။ မဖြစ်ရင် သူနဲ့ သဟဇာတ ဖြစ်တဲ့ ဝေဒနာ၊သညာ၊စေတနာ မပါလား။ အဆင်း လို့ ခံစားတာ လူလား။ ဝေဒနာ၊ နတ်လား ဝေဒနာ ၊ ပြဟ္မာလား ဝေဒနာ ၊ အဆင်းလို့ မှတ်တာ လူ နတ် ပြဟ္မာ လား။ သညာ။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ သူငါလား။ စေတနာ။ ဝေဒနာ၊ သညာ၊ စေတနာ သုံးခု ပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့်လား။ ဤ လေးပါး ပြည့်စုံမှ မြင်သိစိတ် ဖြစ်တာနော်။ မျက်စိအကြည်ကား မိဖုရားဟုတ်ကဲ့လား။ ရူပါရုံ အဆင်းကား မိဖုရား ဟုတ်ကဲ့လား။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား။ နာမက္ခန္ဓာ လေးပါး နဲ့ ရူပက္ခန္ဓာ ပေါင်း မိဖုရားလား၊ခန္ဓာငါးပါး။

ကဲ ခန္ဓာကို စိစစ်ဖို့ လိုတယ်။မိဖုရား တွေ့သေးရဲ့လား။ကဲ ဒိဋ္ဌိမပြုတ်ဘူးလား။ ဝိစိကိစ္ဆာ မချုပ်ဘူးလား။ အသိနဲ့ ပြုတ်သွားပြီ။ စဉ်းစားဖို့ မကောင်းလား။ အဲမှာ တရားနာ ပရိသတ်တွေက သန္တတိ အမတ်ကြီးဘဲ ကြည့်ကြတာပေါ့။ အားလုံး တရားနာ ပရိသတ်တွေ တဲ့၊ သန္တတိ အမတ်ကြီးက ဟိုတုန်းက သန္တတိအမတ်ကြီး မဟုတ်ဘူးပေါ့။ ငါ့ဘုရား သားတော် ဖြစ်သွားပြီ။ အကုန်လုံး မင်းတို့ အပါယ်ကျမယ်။ သတိထား။ သတိ မပေးရဘူး လား။ ပရိသတ် ကြောက်သွားတော့တာ။ ဒုတိယ တခါ ဆက်ပြီးတော့ ကြိုးစားပြီးတော့ မဟောရဘူးလား။ ဟောတယ်နော်။ အဲသည် ဟောတဲ့အခါ ကျတော့ သန္တတိ အမတ်ကြီး၊ (စဉ်းစားဖို့) သန္တတိ အမတ်ကြီးကို လေ့လာဖို့ မကောင်းလား။

ဘုရား ပေးတဲ့ ဉာဏ်လက်နဲ့ မိဖုရား ထင်လို့ ကိုင်စမ်းကြည့်။ မိဖုရား တွေ့မလား၊ မာတာ တွေ့မလား။ မိဖုရား တွေ့မလား ၊ ပျော့တာ တွေ့မလား။ မာတာ-ပထဝီ၊ ပျော့တာ-ပထဝီ ပေါ့။ မိဖုရားလား ပထဝီဓာတ်၊ မာတယ်-ပျော့တယ် သိတာ သူငါလား-ကာယဝိညာဏ်၊ ကာယဝိညာဏ် က နာမ်တရား မရလား။ မာတာ၊ပျော့တာ ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး ပေါ့။ မိဖုရားလား နာမ်နှင့်ရုပ်။ နာမ်ရုပ်ပဲ ရတယ်နော်။ကဲ ဆက်ပြီးတော့ ကြိုးစား။ ရုပ်တရားကြီးက ဖောက်ပြန်ပြီး တော့ မပျက်လား။ နာမ်တရားက သိပြီးတော့ မပျက်လား။ နာမ်ရုပ် တွေ့သလား အနိစ္စ တွေ့သလား။ အနိစ္စ လက္ခဏာ ဒုက္ခသစ္စာ၊ ဒုက္ခလက္ခဏာ ဒုက္ခသစ္စာ၊ အနတ္တ လက္ခဏာ ဒုက္ခသစ္စာ လို့ မဟောလား။ ကဲ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတယ်လို့ သိသွားပြီနော် ။ကဲ သူ့အပေါ် သာယာနှစ်သက်တဲ့ တဏှာ လာသေးလား ၊မလာတော့ဘူး။ တဏှာ မလာ၊ ဉပါဒါန် လာပါ့မလား။ (အဲ) မလာရင် ကာမာသဝနှင့် ဘဝါသဝ မချုပ်လား။ ရှေ့ပိုင်းက ဒိဋ္ဌာသဝနှင့် အဝိဇ္ဇာသဝ မချုပ်လား။ အာသဝေါတရား လေးပါး မကုန်လား။ သူ့မင်္ဂနှင့် သူ့ဖိုလ်နော်။ ပထမ တစ်ကြိမ်မှာ သန္တတိ အမတ်ကြီးရဲ့ ခြေထောက်ဟာ လူ့တစ်ရပ်လောက်မှာ။ မြေကြီးနှင့် လွတ်သွား ပြီ။ နှစ်ကြိမ်ကျ တော့ကား လူနှစ်ပြန်လောက်ပေါ့။ သုံးကြိမ်ကျ တော့ကာ ဟော လူနှစ်ပြန် - သုံးပြန်ပေါ့။ လေးကြိမ်မြောက်ကျတော့ကာ လေးမင်္ဂ လေးဖိုလ် ရသွားတော့တာနော်။ ထန်း တစ်ဖျား လောက်မှာ သန္တတိ အမတ်ကြီးရဲ့ ခန္ဓာကိုယ်ကြီးက တေဇောဓါတ်လောင်ပြီးတော့ ပရိနိဗ္ဗာန် မပြုလား။ ကဲ ဘုရားထက် အရင်ကျသေးတယ်နော်။ ဘယ်လောက်များ အားရစရာ ကောင်း သလဲ။ ကြားလား။ တေဇောဓါတ် လောင်ပြီးတော့မှ ဓါတ်တော်တွေ ကျသွားတာကွဲ့။ ထင်း တစ်ချောင်းမှ မပါဘူး။ ကြားလား။ ဘယ်လောက်များ အားရစရာ ကောင်းသလဲနော်။ သူလို ငါလို ဆိုတော့ အသောက်သမား ဖြစ်ပါမလား လို့ရှိမှာ ပေါ့ဟ။ ကဲ သူ လာခဲ့တဲ့ ဓါတ်တွေက လည်း စုဆောင်း ထားတာက များပြီ ။ကြားလား။ အခု မူးနေတာသာ မြင်တာကိုး။ သူ လေ့လာခဲ့တဲ့

19.5.2005,(7:00pm)17

အခံခါတ် ပါရမီတွေက ပြည့်နေပြီးပြီ၊ ကြားလား။ ဆရာကောင်း၊ သမားကောင်း နဲ့ မတွေ့လို့ ကြာတာပေါ့နော်။ ဘုရားနဲ့ တွေ့တော့ ပေါက်မသွား ဘူးလား။ အဲသလိုလည်း လေ့လာကြဦး။ သန္တတိအမတ်ကြီးက သက်သေ မခံဘူးလားဟေ့။

အဲတာ ဘယ်ပေါ်မှာ မှားတာလဲ စိစစ်ဖို့မကောင်းလား။ ခန္ဓာငါးပါး အပေါ်မှာ နလုံးသွင်း မှားတာဗျာ့။ ရုပ်တစ်လုံး နာမ်တစ်လုံးမှာ နလုံးသွင်း မှားတာ။ နလုံးသွင်း မှန်ဖို့မလိုဘူးလား။ သိမှ ပယ်နိုင်တာ နော်။ မသိရင် ပယ်နိုင်ပ့ါမလား။ အဲလို စဉ်းစားကြ။သိ၊ပယ်၊ဆိုက်၊ပွား လေးပါးကိစ္စ မဂ်တစ်ခဏ လို့ မဟောဘူးလား။ ဒါမို့ နလုံးသွင်းမှားတာတွေ၊ နလုံးသွင်း မှားတော့ သမုဒယ၊ဒုက္ခ လို့ မဟောဘူး လား။ ကဲ လျှာနဲ့ပတ်သက်တာ ပြန်ကြည့်။ နှာခေါင်းနဲ့ ပတ်သက်ပြီးတော့မှ သမီးလေး ထင်လို့ ပွေ့ပြီးတော့ နမ်းကြည့်လိုက်။ သမီး တွေ့မလား၊ အနံ့ တွေ့မလား။ သားလေး တွေ့မလား၊ အနံ့ တွေ့မလား။ အနံ့ကိုသာ သားဆိုရင် အနံ့ ဟူသမျှ သားလို့ ခေါ်ရမှာပေါ့။ အနံ့ဟူသမျှ သမီးလို့ ခေါ်ရမှာပေါ့၊ ဒီလိုကား ဖြစ်ပါမလား။ ကဲ အနံ့ (ဒါ) မထင်ရှားဘူးလား။ သမီးလား- အနံ့လား။ သားလား- အနံ့လား။ အနံ့လို့ နံသိတာ ဃာနဝိညာဏ်က နာမ်တရား မရလား။ ဃာန အကြည်နဲ့ အနံ့က ရုပ်တရား မရလား။ နာမ်ရုပ် နှစ်ပါးပေါ့။ သမီးလား နာမ်နှင့်ရုပ်။ သားလား နာမ်နှင့်ရုပ်။ နာမ်ရုပ်ဘဲ တွေ့တယ်။ ဘယ်လောက်များ ထင်ရှားသလဲနော်။ အဲလို စိစစ်ဖို့ မကောင်းလား။ ကဲ တစ်ခါ ပြန်ပြီးတော့မှ သားထင်လို့ သမီးထင်လို့ လက်နဲ့ပုတ်ကြည့်။ တီးကြည့်တဲ့အခါ သား တွေ့မလား အသံ တွေ့မလား။ သမီး တွေ့မလား အသံ တွေ့မလား။ ဩော် အသံဘဲ တွေ့တယ် နော်။ အသံ ရူပက္ခန္ဓာ မရဘူးလား။ အသံလို့ ကြားသိတာက သောတဝိညာဏ် နာမ်တရား မရလား။ အသံက ရုပ်တရား မရလား။ နာမ်ရုပ် နှစ်ပါးပေါ့။ သားလား နာမ်နှင့်ရုပ်။ သမီးလား နာမ်နှင့်ရုပ်။ ဟော နာမ်ရုပ်ပဲ တွေ့တယ်ကွဲ့နော်။ အဲလို စိစစ်ဖို့မကောင်းလား။

ကဲ တစ်ခါ ပြန်ပြီးတော့ လူထင်လို့ လျှာလေးနှင့် လျက်ကြည့်လိုက်နော်။ လျက်ကြည့်တဲ့ အခါ လူတွေ့မလား ငန်ပျပျ တွေ့မလား။ ရသာ ရူပက္ခန္ဓာနော်။ ငန်ပျပျ ရသာခါတ်ပေါ့။ လူလား- ရသာခါတ်။ ရသာခါတ်လို့ လျက်သိတာ ဇိဝှါ ဝိညာဏ် နာမ်တရား မရလား။ လျှာအကြည်နဲ့ ငန်ပျပျ ရသာက ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး။ လူလား နာမ်နှင့်ရုပ်။ နတ်လား နာမ်နှင့် ရုပ်။ ဗြဟ္မာ လား နာမ်နှင့်ရုပ်။ ဟောနာမ်ရုပ်ဘဲ တွေ့တယ်နော်။ အဲလို စိစစ်ဖို့မကောင်းလား။ အဲဒါ ထိထိမိမိ လေ့လာပေါ့။ ခြေစ ခေါင်းဆုံး တစ်ကိုယ်လုံး၊ ဆံဖျားက ခြေဖျားအရောက် သေချာ လေ့လာ ကြည့် နော်။

19.5.2005,(7:00pm)18

လူထင်လို့ ကိုင်စမ်းကြည့် ပူနွေးနွေး မတွေ့လား။ လူလား တေဇောဓါတ်။ တေဇောဓါတ်ပဲ တွေ့တယ်နော်။ နတ်လား တေဇောဓါတ်။ ပြဟ္မာလား တေဇောဓါတ်။ ပူတယ်အေးတယ်လို့ မသိပေဘူးလား။ တနည်းအားဖြင့် အေးတာ တွေ့မယ်နော်။ ပူတာ တွေ့မယ်နော်။ အေးတာ စဉ်းစားဖို့မကောင်းလား။ သီတတေဇော။ ပူတာ ဥဏှတေဇောပေ့ါ။ ပူတယ်လို့ သိတာ စဉ်းစားဖို့ မကောင်းလား။ ကာယဝိညာဏ်ပေ့ါ။ အေးတယ်သိတာ ကာယဝိညာဏ်ပေ့ါ။ သူက နာမ်တရား မရလား။ ပူတာ အေးတာက ရုပ်တရား မရလား။ နာမ်ရုပ်နှစ်ပါး။ လူလား နာမ်နှင့်ရုပ် ။ နတ်လား နာမ်နှင့်ရုပ်။ပြဟ္မာလား နာမ်နှင့်ရုပ်။ တရား ပျောက်တော့ ကိုယ်မှာရှာ လို့ မဟောဘူးလား။ ကိုယ်မှာ ရှာတော့ တရား မတွေ့လား။ မျက်စိပေါက်ကစ မနောဒွါရ အထိ ရှာကြည့်။ နာမ်ရုပ် တရား နှစ်ပါးဘဲ တွေ့မယ်။ ဖြန့်လိုက်ရင် ခန္ဓာငါးပါး တွေ့မယ်။ ကိုယ်ထင်တာ တွေ့သေးရဲ့လား။ တွေ့ဘူး နော်။ အဲလို စိစစ်ဖို့ မကောင်းလား။

တရားထိုင်တာလည်း ခန္ဓာတွေ့ဖို့။ ထိုင်တာ အဓိကလား ခန္ဓာသိဖို့အဓိက။ စကြံန်သွားတာ အဓိက လား ခန္ဓာသိဖို့အဓိက။ ရပ်တာ အဓိကလား ခန္ဓာသိဖို့ အဓိက။ လျောင်းတာ အဓိကလား ခန္ဓာသိဖို့ အဓိက။ ခန္ဓာသိဖို့ အဓိက။ ကဲအမှန်သိတော့ အမှား မပျောက်လား။ အဲလို စိစစ်ဖို့ မကောင်းလား။ သိမှ ပယ်နိုင်တာနော်။ မသိရင် ပယ်နိုင်ပ့ါမလား။ အဲ လိုရင်း အချက်တွေ ကွဲ့ကြားလား။ ကဲ ပူတာ အေးတာက ရုပ်တရား မရလား။ ပူတယ် အေးတယ် သိတာ ကာယဝိညာဏ်က နာမ်တရား မရလား ။ နာမ်ရုပ် နှစ်ပါးပေ့ါ။

လူလား နာမ်နှင့်ရုပ်။ နတ်လား နာမ်နှင့်ရုပ်။ ပြဟ္မာလား နာမ်နှင့်ရုပ်။ ဒီလိုဆို လူစွဲဒိဋ္ဌိ၊ နတ်စွဲဒိဋ္ဌိ၊ ပြဟ္မာစွဲဒိဋ္ဌိ မပြုတ်ဘူးလား။ ဒိဋ္ဌိပြုတ်ရင် ပြဟ္မာကြီး လေးဦးက ဖန်ဆင်းတယ် ၊ ထာဝရဘုရား ဖန်ဆင်းတယ်၊ ဗိဿနိုးနတ် ဖန်ဆင်းတယ် ယူဉီးမလား။ ဝိစိကိစ္ဆာ မချုပ်ဘူး လား။ ဟော-ချုပ်ပြီ။ စဉ်းစားနော်။ ကဲ နာမ်ရုပ် တရားနှစ်ပါးကလည်း --- ဖောက်ပြန်ပြီးတော့ မပျက်လား၊ သိပြီးတော့ မပျက်လား။ ဖြစ်ပျက်လို့ မဟောလား။ ဘာသစ္စာလဲ။ ကဲ လူ ချမ်းသာလား ဒုက္ခသစ္စာ။ နတ်ချမ်းသာ လား ဒုက္ခသစ္စာ ။ပြဟ္မာချမ်းသာလား ဒုက္ခသစ္စာ ။ကဲ ဒုက္ခသစ္စာ အမှန်သိတော့ သမ္မာဒိဋ္ဌိလို့ မဟော ဘူးလား။ လူချမ်းသာ၊ နတ်ချမ်းသာ၊ ပြဟ္မာ ချမ်းသာလို့ နှလုံးသွင်း မှားတဲ့ မိစ္ဆာဒိဋ္ဌိ မချုပ်ဘူးလား။ အမှန်သိတော့ အမှား မပျောက်လား။ သိပယ်လို့ မဟောဘူးလား။ တဏှာ လာသေးရဲ့လား။ ဥပါဒါန်လာသေးရဲ့လား။ ကံ လာသေးရဲလား။ ပဋိစ္စသမုပ္ပါဒ်သံုးမျိုး မပြတ်လား။ နောက်ခန္ဓာ ဇာတ် မသိမ်းလား။ နိရောဓ သစ္စာ။

ကဲ ထိုဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ။(မဂ္ဂသစ္စာ ပါဘုရား။) သေတာက ။ (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ ။ (နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ်အကွက် ဘယ်နှစ်ကွက်ရှိ။ (လေးကွက်ရှိပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါဘုရား။) ငါး လေးလီ။ (နှစ်ဆယ်။) ဤရှစ်သွယ်ကို ...။ ( အလွယ်ကျက်မှတ် သိစေအပ် သည့် သံသရာမှ လွတ်ကြောင်းတည်း။)

(အမှျဝေ-ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-----။ )

သာဓု-သာဓု-သာဓု